နောက်ဆက်တွဲ(က)

**ဘုန်းလမင်းကုမ္ပဏီလီမိတက်မှ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ဆပ်ပြာကျေးရွာအုပ်စုရှိ မြေရေိယာ (၂၃၂)ကေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျောက်မီးသွေး (စက်မှုတွင်းထွက်ကုန်ကြမ်း) အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်း အကြောင်းအရာဖော်ပြချက်**

၁။ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ဆပ်ပြာကျေးရွာအုပ်စုရှိ မြေရေိယာ(၂၃၂)ကေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျောက်မီးသွေး (စက်မှုတွင်းထွက်ကုန်ကြမ်း) အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ ၁၅-၁၂-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၂၆၀၁/ ဘုန်းလမင်း/ စီမံကိန်း(၁၁)/ ၂၀၁၆ ဖြင့် တင်ပြခဲ့သည့် Earth Tree Environment Services Co.,Ltd မှ ရေးသားပြုစုသော အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဒေါ်ခင်မိမိနိုင် ၊ အုပ်ချုပ်မှုဒါရိုက်တာ၊ ဘုန်းလမင်းကုမ္ပဏီလီမိတက်၊ အမှတ် (၃၃၃)၊ အစုကြီးဘုရားလမ်း၊ ထန်းတစ်ပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၉-၉၄၀၁၀၃၀၀၀၊ ၀၉-၇၅၈၆၆၀၇၆၇ မှ ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် မြေအောက်တူးဖော်ခြင်းနည်းစနစ်အားအသုံးပြုမည်ဖြစ်ကြောင်း၊ လုပ်ကွက်မျက်နှာပြင်ရှင်းလင်းခြင်း၊ အပေါ်ယံ မြေဖယ်ရှားခြင်း၊ မြေအောက်လိုဏ်ခေါင်းများတူးဖော်ခြင်း၊ ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ခြင်းနှင့် သယ်ယူရောင်းချခြင်း တို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းအား ဝန်ထမ်းအင်အား (၃၀) ဦးဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး တစ်ရက်လျှင် အလုပ်လုပ်ချိန် (၈) နာရီဆောင်ရွက်မည်ဖြစ်ကြောင်း၊ စက်ယန္တရားများ အနေဖြင့် လူစီးကား (၁) စီး၊ ရုံးသုံးကား (၁) စီး၊ ကျောက်မီးသွေးသယ်ယူကား (၁) စီး၊ 20 kw မီးစက် (၃) လုံး၊ ၁၀ kw မီးစက် (၁) လုံး၊ ရေစက် (၄) လုံးတို့ကို အသုံးပြုပါကြောင်း၊ စီမံကိန်းလုပ်ငန်းအတွက် တစ်နှစ်လျှင် ဒီဇယ်ဆီဂါလန် (၆၀၀၀) ခန့် နှင့် ရေဂါလန် (၈၀၀၀၀) ခန့် အသုံးပြုပါကြောင်း၊ အထွေထွေအသုံးပြုရန်အတွက် လိုအပ်သောရေအရင်းအမြစ်အား လုပ်ကွက်နှင့် (၈) မိုင်ခန့် ကွာဝေးသော ကန်တုန်မြို့မှ ရေအား ဝယ်ယူအသုံးပြုပါကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ဆပ်ပြာကျေးရွာအုပ်စုရှိ မြေရေိယာ (၂၃၂) ကေပေါ်တွင် တည်ရှိပါသည်။

# ဘုန်းလမင်းကုမ္ပဏီလီမိတက်မှ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ဆပ်ပြာကျေးရွာအုပ်စုရှိ မြေဧရိယာ (၂၃၂)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျောက်မီးသွေး (စက်မှုတွင်းထွက်ကုန်ကြမ်း) အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ

Map Sheet : 85 I/9





ရည်ညွှန်းချက်
လုပ်ကွက်ဧရိယာ – 

(A)918 057 (B)924 057 (C)927 053 (D)938 052 (E) 927 043 ဧရိယာ(၂၃၂)ဧက

| | Coordinate | Latitude | Longitude |
|---|---|---|---|
| A | 918 057 | 19° 47' 53.8023" N | 94° 41' 05.5612" E |
| B | 924 057 | 19° 47' 54.3414" N | 94° 41' 24.4263" E |
| C | 927 053 | 19° 47' 42.7074" N | 94° 41' 34.2383" E |
| D | 938 052 | 19° 47' 40.7181" N | 94° 42' 08.9185" E |
| E | 927 043 | 19° 47' 12.9489" N | 94° 41' 35.1867" E |

## ဘုန်းလမင်းကုမ္ပဏီလီမိတက်မှ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ဆပ်ပြာကျေးရွာအုပ်စုရှိ မြေဧရိယာ (၂၃၂)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျောက်မီးသွေး (စက်မှုတွင်းထွက်ကုန်ကြမ်း) အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ Layout Plan




| | Coordinate | Latitude | Longitude | | Coordinate | Latitude | Longitude |
|---|---|---|---|---|---|---|---|
| A | 918 057 | 19° 47' 53.8023" N | 94° 41' 05.5612" E | C | 927 053 | 19° 47' 42.7074" N | 94° 41' 34.2383" E |
| B | 924 057 | 19° 47' 54.3414" N | 94° 41' 24.4263" E | D | 938 052 | 19° 47' 40.7181" N | 94° 42' 08.9185" E |
| E | 927 043 | 19° 47' 12.9489" N | 94° 41' 35.1867" E | | | | |

